## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 23 , 2026 Volume 99 , Number 13

၂၃. ၂. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၈၀.၄၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၆၀.၅၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၈.၄၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၇.၂၂ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၉၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၄၀.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၆၄ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

### နှစ်ရှည်ပင် အပြီးအစီးစိုက်ပျိုးပေးသည့်ဝန်ဆောင်မှု တွင်ကျယ်နေ




ယခင်ကနှစ်ရှည်ပင်များကိုပျိုးပင်၊မျိုးစေ့သီးသန့်သာရောင်းချခဲ့ကြရာမှ ယခုနောက်ပိုင်းတွင်ကိုယ်ပိုင်ခြံတည်ထောင်လိုသူများအတွက်အပြီးအစီးစိုက်ပျိုးပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်သူပိုများလာပြီး တွင်ကျယ်နေကြောင်း နှစ်ရှည်ပင်စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ကိုင်သူများထံက သိရပါတယ်။

လက်ရှိတွင် အစိုက်များသည့် အိန္ဒိယ ခြောက်လဒန့်သလွန်ပျိုးပင် အပင်ရေ ၆၀၀ ခန့်ပါ ရစ်ပေပတ်လည် တစ်ကေလျှင် ကျပ် ၆ သိန်းခွဲဝန်းကျင်၊ ကျွဲကော၊ မင်းကွတ်၊ ကြက်မောက်ပျိုးပင် အပင်ရေ ၁၀၀ ခန့်ပါ နှစ်ဆယ်ပေပတ်လည် တစ်ကေလျှင် ကျပ် ၁၅ သိန်းဝန်းကျင်၊ ဒူးရင်း(မိကျောင်းမျိုး)၊ ၁၂ လရာသီ ပိန္နဲပျိုးပင် ၁၀၀ ခန့်ပါ နှစ်ဆယ်ပေပတ်လည် တစ်ကေလျှင် ကျပ် ၁၈ သိန်းဝန်းကျင်စသဖြင့် ပျိုးပင်နှင့် ဝန်ဆောင်မှုပေးရသည့် အခြေအနေပေါ်မူတည်ပြီး ဈေးအစားစားရှိနေကြောင်း သိရပါ တယ်။

သို့ရာတွင် နေရာဒေသနှင့်ဝန်ဆောင်မှုလုပ်ငန်းပေါ်မူတည်ပြီး ဈေးကွာခြားမှုရှိနိုင်ကြောင်း သိရပါတယ်။


"နှစ်ဦး နှစ်ဖက်အဆင်ပြေတာပေါ့။ အရင်က ပျိုးပင်၊ မျိုးစေ့ပဲ ရောင်းရာကနေ အခုလို စိုက်ပျိုးတဲ့ဝန်ဆောင်မှုပါပေးတော့ စိုက်ပျိုးဖို့အခက်အခဲဖြစ်တဲ့ ခြံပိုင်ရှင်တွေအနေနဲ့ ဘာမှပူစရာမလိုဘူး။ စိုက်ပျိုးပြီးရင်လည်း တစ်လတန်သည်၊ နှစ်လတန်သည် အာမခံပေးတယ်။ ကျွန်တော်တို့လည်း ပျိုးပင်ရောင်းရတဲ့အပြင် ဝန်ဆောင်မှုကြေးပါရတော့ ကိုက်တယ်လေ။ လက်ရှိက ဒီလိုလုပ်လာသူလည်း ပိုများလာတော့ ကိုယ့်ဝန်ဆောင်မှုကို မိတ်မပျက်အောင် အကောင်းဆုံးလုပ်ဖြစ်နေတယ်"လို့ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်း

မြို့မှ နှစ်ရှည်ပင် စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ကိုင်နေသူတစ်ဦးက ပြောပါတယ်။

ပျိုးပင်အမျိုးအစားနှင့် အပင်ရေ၊ စိုက်ကေပေါ်မူတည်ကာ ဝန်ဆောင်မှုကြေးကိုယူကြခြင်းဖြစ်ပြီး ပျိုးပင်အပါအဝင် လိုအပ်သည့် ဆေးဝါး၊ ကျင်းတူး၊ ကြိုးဆွဲ တိုင်ထောင်အပြီးအစီးကို ကျွမ်းကျင်လုပ်သားများဖြင့် စားစရိတ်ငြိမ်းလုပ်ကိုင်ပေးနေကြခြင်းဖြစ်ကြောင်း နှစ်ရှည်ပင်စိုက်ပျိုးရေးဝန်ဆောင်မှု လုပ်ကိုင်သူများထံက သိရပါတယ်။

Source : https://opinionleadersmedia.com/

## တစ်ပတ်စာ ဈေးကွက်သုံးသပ်ချက် ၁၆.၂.၂၀၂၆ မှ ၂၀.၂.၂၀၂၆




**ဆန်/ စပါး**

ပြည်တွင်းဆန်စပါးဈေးကွက်တွင်ရွှေဘိုပေါ်ဆန်းမှာ တစ်အိတ်လျှင် ၁၈၀,၀၀၀ ကျပ်မှအမြင့်ဆုံး ၂၅၀,၀၀၀ကျပ်အထိ ဈေးပေါက်နေပြီးဝယ်လိုအား အလွန်ကောင်းနေသည်။

ထို့အတူ စလင်းနှင့်ကုန်းဖောင်းထွက်ရောပဒေသာနှင့် ရောဝတီပေါ်ဆန်းတို့မှာလည်း အမြင့်ဈေးတန်းတွင် တည်ရှိနေသည်။

သို့သော် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှုတွင် အဓိကကျသော ဧည့်မထအုပ်စုဝင် ဆန်စပါးများမှာမူ ဈေးကွက်အေးနေသည်။ စပါးဈေးမှာ တင်း ၁၀၀ လျှင် ၁၄ သိန်းကျပ်ဝန်းကျင်သာရှိပြီး ဆန်တစ်အိတ်လျှင် ကျပ် ၅၀,၀၀၀ ကျော်သာ ဈေးရှိကြောင်း သိရသည်။

**ပြောင်း**

ပြောင်းဆန်ဈေးနှုန်းမှာမူ ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်ခဲ့ပြီး တစ်ပိဿာလျှင် ကျပ် ၂၀ ခန့်ထပ်တက်လာသည်။ ထိုင်းနိုင်ငံသို့အခွန်ကင်းလွတ်ခွင့်ဖြင့်တင်ပို့ခွင့်ရရှိထားခြင်းကဈေးတက်ရသည့်အဓိကအချက်ဖြစ်သည်။ လက်ရှိတွင် ပြည်ပပို့ရန် အရည်အသွေးမီသည့် ပြောင်းဆန်များကို ထိုင်းနိုင်ငံမှ အများဆုံး ဝယ်ယူနေသဖြင့် ဝယ်လိုအား အလွန်ကောင်းနေသည်။

ရန်ကုန်ဘုရင့်နောင်တွင် ယခင်အပတ်က တစ်ပိဿာလျှင် ကျပ် ၁,၅၀၀ မှ ၁,၅၂၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၁,၅၂၀ မှ ၁,၅၄၀ အထိ မြင့်တက်လာခဲ့သည်။

Source : https://htwettoe.com/

## နွေရောက်လာသည့်အတွက် အပူခံဝါးခမောက်များ အရောင်းသွက်လာ




နွေကာလသို့ဝင်ရောက်လာချိန် အပူချိန်မြင့်လာသည့်အတွက် အပူခံဝါးခမောက်များလည်း အရောင်းသွက်လာကြောင်း နေပြည်တော်ပျဉ်းမနားရှိ ကြိမ်ထည်ဝါးထည်ပစ္စည်းအရောင်းဆိုင်အချို့မှ သိရပါတယ်။

"နွေဝင်လာတော့ သိသိသာသာပူလာပြီလေ၊ မနက် ၁၀ နာရီကျော်ပြီဆိုတာနဲ့အပူရှိန်မြင့်လာပြီ၊ဒါကြောင့်ဝါးခမောက်တွေ စရောင်းနေရပြီ။ ဝါးခမောက်က အပူဒဏ်ခံတယ်လေ။ အဓိကကတော့ ရွာတွေကဝယ်တာ၊ ရွာသူရွာသားတွေက လယ်ထဲယာထဲအလုပ်လုပ်ကြရင် ဝါးခမောက်ပဲဆောင်းကြတာ၊ ဒါကြောင့် အခုလိုနွေဝင်လာရင် ရွာတွေဘက်က တောသူတောင်သားတွေအဝယ်များတယ်။ မြို့ပေါ်ကလူတွေလည်း ဟိုနားဒီနားနေပူထဲသွားတဲ့အချိန်မျိုးမှာ ဆောင်းဖို့ဆိုပြီး ဝယ်ကြတာလည်းရှိပါတယ်" လို့ ခမောက်ရောင်းသူတစ်ဦးက ပြောပါတယ်။

လက်ရှိဈေးကွက်အတွင်း ဝါးခမောက်များမှာ အလုံးနှင့်အပြန့်နှစ်မျိုးစလုံး အရောင်းအဝယ်ဖြစ်နေပြီး လက်ကားဝယ်ဈေးမှာ ၁၅၀၀ မှ ၂၀၀၀ ကျပ်၊ လက်လီတစ်လုံးချင်းရောင်းဈေးမှာ ၃၅၀၀ မှ ၆၀၀၀ကျပ် အထိဈေးရှိကြောင်း သိရပါတယ်။

ဝါးခမောက်များကို ဝါးခွံဝါးဖတ်များဖြင့်ပြုလုပ်ထားသဖြင့် မိုးစိုးခံ၊ နေပူခံသောကြောင့် စိုက်ပျိုး ရေးလုပ်တောင်သူများ၊ တောင်ယာလုပ်ကိုင်သူများ ကျေးလက်နေပြည်သူများအသုံးပြုမှုများသောကြောင့် အရောင်းအဝယ်ရှိသော လူသုံးကုန်ပစ္စည်းဖြစ်ကြောင်း သိရပါတယ်။

Source : https://opinionleadersmedia.com/

## ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံ ချည်မျှင်ရှည်ဝါဧက ၃၆၀၀ ကျော် သိမ်းဆည်းပြီးစီး



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထား သော ဝါစိုက်ခင်းများကို ဆွတ်ခူးသိမ်းဆည်းခဲ့ရာ ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဧက ၃၆၁၀ ထိ သိမ်းဆည်းပြီးစီးပြီဖြစ်သည်။ ဝါအထွက်နှုန်းမှာ တစ်ဧကလျှင် ၅၃၃ ပိဿာထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ချည်မျှင်ရှည်ဝါသီးနှံ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဝါစိုက်ခင်းတွေကို လက်ရှိမှာ ဆွတ်ခူးသိမ်းဆည်းနေကြပါတယ်။

ဒီနေ့ထိ ဧက ၃၆၀၀ ကျော်သိမ်းဆည်းပြီးစီးပြီဖြစ်ပါတယ်။ဝါဆွတ်ခူးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းများ လျော့နည်းမှု မဖြစ်စေရေး၊ ဆွတ်ခူးပြီးတဲ့ ဝါတွေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျ ထားသိုသိမ်းဆည်းရေး နည်းပညာများ အသိပညာပေးတာတွေကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ချည်မျှင်ရှည်ဝါကဈေးကွက်ရှိတာကြောင့်ဒေသခံတောင်သူတွေကမိုးဦးနဲ့ မိုးနှောင်းမှာ စီးပွားဖြစ်အားထားစိုက်ပျိုးကြပြီး စိုက်ပျိုးရေးအဆင်ပြေတဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှုလည်းရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးတောင်သူများကို ဝင်ငွေတိုးပွားစေရန်နှင့် အရည်အသွေးကောင်းသောဝါသီးနှံများထွက်ရှိစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည်တောင်သူများကို ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်း စနစ်များမှန်ကန်စေရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းရေး စသည့် အသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသည်။

ချည်မျှင်ရှည်ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အတွက် အထောက်အကူပြုပေးနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ချည်မျှင်ရှည်ဝါကို နှစ်စဉ်တိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

Source : https://myawady.net.mm/p

## တောင်သာမြို့နယ်၌ နွေစပါးများစတင်စိုက်ပျိုး

တောင်သာမြို့နယ်သည် ဆည်ရေသောက်အသင့်အတင့်ရှိပြီး မိုးကောင်းသောက်ယာများတွင် နွေစပါးများကို နိုဝင်ဘာလ၊ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် စိုက်ပျိုးပြီး ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လနှင့်ဧပြီလ တို့တွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း သိရသည်။



ဒေသတွင်း ဝမ်းစာဖူလုံစေရန် စိုက်ပျိုးထားကြောင်း သိရသည်။၂၀၂၅-၂၀၂၆ ခုနှစ်တွင် တောင်သာမြို့နယ်၌ နွေစပါး စီမံကိန်း ၇၀၀ လျာထားကေအနက် စိုက်ပျိုးပြီး ၃၈ ကေ စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရန်ကျန်ရှိသော ကေများ ဆက်လက်စိုက်ပျိုးနေကြောင်း မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်း များအရ သိရသည်။

စီမံကိန်းလျာထားချက်နှင့်အညီ ရာနှုန်းပြည့်မီအောင် ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။ အောင်နိုင်တိုးမျိုးနှင့် မနောသုခစပါးမျိုးများကိုသာ စိုက်ပျိုးကြောင်း၊ နွေစပါးများကို ကန်သာယာရွာ၊ သံဘိုရွာ၊ အင်းတဲရွာ၊ သပွတ်ပင်ရွာ၊ ရဘဲရွာနှင့် ကြာပို့ကျေးရွာများတွင် ဒေသတွင်းစားသုံးရန်သာ စိုက်ပျိုးထားကြောင်း၊ ယခင်နှစ်နွေစပါး အထွက်နှုန်း အနေဖြင့် ၈၉ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ် မနောသုခစပါးထွက်ပေါ်ချိန်၌ တစ်တင်း ခွဲတစ်အိတ်လျှင် ၂၈,၀၀၀ ကျပ် ခန့်ပေါက်ဈေးများဖြင့် ဒေသအတွင်း၌သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ဒေသတွင်း၌သာကြိတ်ခွဲ၍စားသုံးကြကြောင်း၊ယခင်နှစ်ထွက်ပေါ်သော မနောသုခဆန်တစ်အိတ်လျှင် ၆၅,၀၀၀ ကျပ် ခန့်ရှိကြောင်း၊ စိုက်နည်းစနစ်၊ သွင်းအားစုနှင့် ရာသီဥတုကောင်းမွန်ပါက ယခင်နှစ်ထက် အထွက်နှုန်းကောင်းနိုင်ကြောင်း နွေစပါးစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(မန္တလေး)**

## ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်၏ အာလူးထုတ်လုပ်မှုသည် ၅ နှစ်အတွင်း အမြင့်ဆုံးအဖြစ် တန်ချိန် ၁၄၀ သိန်းမှ ၁၅၀ သိန်းခန့်အထိရှိလာမည်

အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တွင် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် အာလူးထုတ်လုပ်မှုမှာ တန်ချိန် ၁၄၀ သိန်း မှ ၁၅၀သိန်းခန့်အထိရှိနိုင်ပြီးယင်းသည်လွန်ခဲ့သောငါးနှစ်အတွင်းအမြင့်ဆုံးစံချိန်တင်ထုတ်လုပ်မှုဖြစ်လာရန် မျှော်မှန်းထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးဆုံးအာလူးစိုက်ပျိုးရာဒေသဖြစ်သောအဆိုပါပြည်နယ်၏လွန်ခဲ့သောနှစ် အာလူးစုစုပေါင်း ထုတ်လုပ်မှုမှာ တန်ချိန် ၁၁၅ သိန်းခန့်ရှိခဲ့ပြီး အဆိုပါပမာဏမှာလည်း အထွက်နှုန်းကောင်းမွန်ခဲ့သည့် အခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။

သင့်တင့်မျှတသော ရာသီဥတုအခြေအနေများကြောင့် ပြည်နယ်၏အာလူးထုတ်လုပ်မှုနှုန်းမှာ ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်း ကျော်တိုးတက်လာမည်ဟု သိရသည်။

"အာလူးရိတ်သိမ်းမှုများ စတင်နေပြီဖြစ်ပြီး ယခုနှစ်တွင် အာလူးတန်ချိန် သိန်း ၁၄၀ မှ ၁၅၀ ခန့်အထိထွက်ရှိရန် မျှော်မှန်းထားပါတယ်။ ပြည်နယ်အတွင်းရှိအာလူးစိုက်ပျိုးရာဒေသများတွင် ရာသီဥတုသာယာကောင်းမွန်မှုကြောင့် ထုတ်လုပ်မှုနှုန်း စံချိန်တင်မြင့်တက်လာခြင်းဖြစ်ပါတယ်။ ထို့ပြင် စိုက်ပျိုးဧရိယာလည်း အနည်းငယ်တိုးတက်လာပါတယ်"ဟု အနောက် ဘင်္ဂလားပြည်နယ် အအေးခန်းသိုလှောင်ရုံများအသင်း(West Bengal Cold Storage Association)၏ အဆင့်မြင့်အဖွဲ့ဝင်ဖြစ်သူ Patit Paban De က Businessline သတင်းဌာနသို့ ပြောကြားခဲ့သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အာလူးစိုက်ပျိုးဧရိယာမှာ ဟက်တာ ၅ ဒသမ ၁၂ သိန်းခန့်ရှိခဲ့ကြောင်းသိရသည်။ အနောက်ဘင်္ဂလားပြည်နယ် တောင်ပိုင်းရှိ Hooghly၊ Bardhaman နှင့် Paschim Medinipur ခရိုင်သုံးခုမှာ အဆိုပါပြည်နယ်တွင် အာလူးအများဆုံးစိုက်ပျိုးသည့်ခရိုင်များဖြစ်ကြောင်း သိရသည်။

အဆိုပါအာလူးရိတ်သိမ်းမှုရာသီသည် မတ်လအထိ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်အစိုးရသည် အာလူးများစတင်သိုလှောင်မည့် မတ်လ ၁ ရက်နေ့မှစ၍ အအေးခန်းသိုလှောင်ရုံများကို ဖွင့်လှစ်ရန် ပိုင်ရှင်များအား ညွှန်ကြားထားကြောင်းသိရသည်။

လက်ရှိတွင် အဆိုပါပြည်နယ်၌ အအေးခန်းသိုလှောင်ရုံပေါင်း ၅၈၀ ခန့်ရှိပြီးငင်းတို့အနက်အများစုမှာ အာလူးများသိုလှောင်ရန်အတွက် အသုံးပြုခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် အာလူးသိုလှောင်နိုင်သည့် စုစုပေါင်းပမာဏမှာ တန်ချိန် ၇၀ မှ ၈၀ သိန်းခန့်ရှိကြောင်း သိရသည်။

"အာလူးထုတ်လုပ်မှုက တန်ချိန် ၁၄၀ မှ ၁၅၀ သိန်းခန့်အထိ တိုးတက်လာမည်ဟု မျှော်မှန်းထားတာကြောင့် ယခုနှစ်တွင် အအေးခန်းသိုလှောင်ရုံနေရာလုံလောက်မှုမရှိသည့် အခက်အခဲနှင့် ရင်ဆိုင်ရနိုင်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

အနောက်ဘင်္ဂလားပြည်နယ်အအေးခန်းသိုလှောင်ရုံများအသင်း၏အဆိုအရပြည်နယ်အတွင်း ပျမ်းမျှလစဉ်အာလူးစားသုံးမှုမှာ တန်ချိန် ၆ သိန်းခန့်ရှိသဖြင့် ယခုနှစ်တွင် အာလူးတန်ချိန် ၆၈ သိန်းခန့် ပို့လျှံနိုင်ဖွယ်ရှိကြောင်းသိရသည်။

ထို့ကြောင့် ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အချင်းချင်း ကုန်သွယ်မှုလုပ်ငန်းများကို အကြီးအကျယ် လွယ်ကူချောမွေ့အောင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်းသိရသည်။

ပြည်နယ်အတွင်းရှိ အအေးခန်းသိုလှောင်ရုံတိုင်းသည် အခြေခံတောင်သူများ အရှုံးခံရောင်းချရခြင်းမှ ကာကွယ်နိုင်ရန်အတွက် သိုလှောင်ရုံနေရာ၏ ၃၀ ရာခိုင်နှုန်းကို အဆိုပါတောင်သူများအတွက် သီးသန့်ဖယ်ထားပေးရမည်ဟု ပြည်နယ်အစိုးရက ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**Source: The Hindu Businessline, West Bengal potato production to hit 140–150 lakh tonnes in 2025–26, 5-year High, February 17, 2026.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## အိန္ဒိယနိုင်ငံက ၂၀၂၆ ခုနှစ် AI အကျိုးသက်ရောက်မှုထိပ်သီးညီလာခံတွင် "MANAV" Vision ကို ထုတ်ဖော်ပြသခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြ

၂၀၂၆ ခုနှစ် အိန္ဒိယ AI အကျိုးသက်ရောက်မှုထိပ်သီးညီလာခံ(India AI Impact Summit 2026)၏ ခေါင်းဆောင်များစုံညီတက်ရောက်သော ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ် Narendra Modi နှင့်ကမ္ဘာလုံးဆိုင်ရာနည်းပညာထိပ်သီးလုပ်ငန်းရှင်ကြီးများသည် အိန္ဒိယနိုင်ငံအား နည်းပညာသုံးစွဲသူအဆင့်မှ ဉာဏ်ရည်တု(AI)နည်းပညာ၏ ကမ္ဘာလုံးဆိုင်ရာ ပုံဖော် ဗိသုကာ (Architect)ဖြစ်လာမည့် အနာဂတ်အခြေအနေကို အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။

နယူးဒေလီမြို့တော် Bharat Mandapam ၌ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် ခြောက်ရက်ကြာ ထိပ်သီးညီလာခံသို့ လာရောက်သူအလွန်အမင်းများပြားခဲ့သဖြင့် မှတ်ပုံတင်ထားသည့် ဧည့်သည် ၃၀၀,၀၀၀ ကျော်အား အဆင်ပြေချောမွေ့စွာ လက်ခံနိုင်ရန်အတွက် အစိုးရက အဆိုပါညီလာခံ၏ ပိတ်ပွဲရက်ကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ စနေနေ့၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုလ ၁၉ ရက် ကြာသပတေးနေ့တွင် ပြုလုပ်သည့် အစည်းအဝေး၌ ဝန်ကြီးချုပ် Modi က နည်းပညာကို တန်းတူညီမျှမှုရှိစေရန် ရည်ရွယ်၍ ရေးဆွဲထားသော "MANAV Vision"(လူသားဗဟိုပြု AI နည်းပညာ)မူဘောင်ကို ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် AI နည်းပညာနှင့်ပတ်သက်၍ ကြောက်ရွံ့ခြင်းမရှိဘဲ အနာဂတ်အလား အလာများကိုသာရှုမြင်ကြောင်း ၎င်းက အခိုင်အမာပြောကြားခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုစနစ်၏ ဗဟိုချက်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ (Global South)၏ဦးစားပေးကဏ္ဍများကို ထည့်သွင်းရမည်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

အဆိုပါထိပ်သီးညီလာခံတွင်ပုဂ္ဂလိကကဏ္ဍမှပြုလုပ်မည့်ကြီးမားသောရင်းနှီးမြှုပ်နှံမှုများကိုတွေ့မြင်ခဲ့ရကြောင်း သိရသည်။ Reliance Industries ၏ ဥက္ကဋ္ဌ Mukesh Ambani က "Sovereign Compute Infrastructure" တစ်ရပ်

တည်ဆောက်ရန်အတွက် လာမည့်ခုနစ်နှစ်အတွင်း ရူပီး ၁၀ သိန်း ကုဋေအထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

တစ်ချိန်တည်းမှာပင် Tata Group နှင့် OpenAI တို့သည် AI ဆိုင်ရာ ဆန်းသစ်တီထွင်မှုများမြှင့်တင်ရန်အတွက် အရေးပါသော ပူးပေါင်းဆောင်ရွက်မှုကို ကြေညာခဲ့ပြီး OpenAI ၏ အမှုဆောင်အရာရှိချုပ် Sam Altman က အိန္ဒိယနိုင်ငံသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအပေါ် "ကြီးမားသောလွှမ်းမိုးမှု"ပေးနိုင်သည့် အခွင့်အလမ်းကောင်းနှင့်အားဖြစ်ကြောင်း ပြောကြားခဲ့သည်။

Meta ၏ AI ဆိုင်ရာအရာရှိချုပ် Alexandr Wang က အိန္ဒိယနိုင်ငံသည် "personal superintelligence" (ကိုယ်ပိုင် အဆင့်မြင့်စွမ်းရည်ရှိ ဉာဏ်ရည်တု)အတွက် စမ်းသပ်ရာနေရာဖြစ်ကြောင်းဖော်ပြခဲ့ပြီး လူသားအရင်းအမြစ်၊ စွမ်းအင်၊အချက်အလက်နှင့် တွက်ချက်မှုစနစ်(Compute) ဟူသည့် အခြေခံအချက်လေးချက်အပေါ် အာရုံစိုက်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ပြင်သစ်သမ္မတ Emmanuel Macron က AI နည်းပညာသည် "မဟာဗျူဟာမြောက် ယှဉ်ပြိုင်မှု" နယ်ပယ်တစ်ခု ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး Bill Gates မှာမူ ၎င်း၏ပုဂ္ဂိုလ်ရေးဆိုင်ရာ အငြင်းပွားမှုများကြောင့် အဓိကမိန့်ခွန်းပြောကြားမည့် အစီအစဉ်ကို ပျက်ကွက်ခဲ့ကြောင်းသိရသည်။

အဆိုပါထိပ်သီးညီလာခံ၏ နောက်ဆုံးရက်ဖြစ်သော ယခုလ ၂၁ ရက်နေ့တွင် "ခေါင်းဆောင်များ၏ ကြေညာချက်"(Leaders' Declaration)ကိုအတည်ပြုရန် မျှော်မှန်းထားပြီး ယင်းသည် အားလုံးပါဝင်နိုင်သော AI အုပ်ချုပ်မှုစနစ်အတွက် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းအသစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

**Ref: 1) The Hindu, India AI Summit 2026 Day 4 Highlights: Switzerland looks forward to hosting 2027 AI Summit in Geneva, says President Parmelin, February 20, 2026.**

**2) Times of India, India AI Impact Summit 2026: How to register online, key attendees, why to attend and other key information – Times of India, February 17, 2026.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE (23.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Feb. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,963 (Shares) | 19,526,700 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +200 | +2.35% | 8,600 | 8,700 | 8,600 | 144 | 1,250,500 | 33,109,694 | 288,054 |
| MTSH | 00002 | 4,400 | +100 | +2.33% | 4,300 | 4,400 | 4,300 | 1,262 | 5,426,900 | 38,929,150 | 171,288 |
| MCB | 00003 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 4 | 33,600 | 10,400,986 | 87,368 |
| FPB | 00004 | 3,100 | +0 | +0.00% | 3,000 | 3,100 | 3,000 | 2,615 | 7,906,500 | 29,664,613 | 91,960 |
| TMH | 00005 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 119 | 361,500 | 12,823,224 | 39,111 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 2,802 | 4,493,300 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | -50 | -1.25% | 3,950 | 3,950 | 3,950 | 2 | 7,900 | 10,497,598 | 41,466 |
| MAEX | 00008 | 3,100 | +50 | +1.64% | 3,100 | 3,100 | 3,100 | 15 | 46,500 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 23rd Feb. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 437.92 | +5.71 | +1.32% | 431.86 | 438.48 | 431.86 | 6,963 | 19,526,700 | 8 | 826,004 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Feb. 2026

| Trading Volume | Trading Value |
|---|---|
| 7,863 (Shares) | 24,117,600 (MMK) |

### Main Board

As of 1:00 pm, 23rd Feb. 2026

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,963 (Shares) | 19,526,700 (MMK) |

| MYANPIX | 437.92 ▲ 5.71 |
|---|---|
| Total Volume (shares) | 6,963 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 826,004 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 200 |
| MTSH | 00002 | 4,400 | ▲ 100 |
| MCB | 00003 | 8,400 | ▼ 100 |
| FPB | 00004 | 3,100 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,950 | ▼ 50 |
| MAEX | 00008 | 3,100 | ▲ 50 |